
စိတ်ကူးချိုချိုအနုပညာ

# NELSON MANDELA



ကမ္ဘာကမမေ့နိုင်သည့်
ကမ္ဘာ့ခေါင်းဆောင်

## နယ်ဆင်မန်ဒဲလား

ဇင်မျိုး

mgyoe.com



ZM0015

900.00 KS

mgyoe.com

ကမ္ဘာက မမေ့နိုင်သည့်ကမ္ဘာ့ခေါင်းဆောင်နယ်ဆင်မန်ဒဲလား၊ ဇင်မျိုး
စာမျက်နှာ ၅၉ မျက်နှာ၊ ၁၂•၈ စင်တီ× ၁၈•၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၉ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ကမ္ဘာက မမေ့နိုင်သည့် ကမ္ဘာ့ခေါင်းဆောင်

# နယ်ဆင်မန်ဒယ်လား

ဇင်မျိုး



မဝေဝေ၊ ဇော်ကြိုက်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ

## အခန်း ၁


၁။ ကလေးများစွာထဲက ကလေးတစ်ယောက် ၂
၂။ မကျေလည်မှုများ ၃
၃။ လူမျိုးရေးခွဲခြားမှုစတင်ပေါ်ပေါက် ၆
၄။ မနာခံသောပြည်သူများနှင့် တောင်အာဖရိက ၈
၅။ နိုင်ငံတော်ပုန်ကန်မှု ၁၀


## အခန်း ၂


၁။ ဂန္ဓဝင်မန်ဒယ်လား ၁၂
၂။ အလှည့်အပြောင်း ၁၄
၃။ မြေအောက်တော်လှန်ရေး ၁၄
၄။ နိုင်ငံခြားအကူအညီ ၁၆
၅။ အကျဉ်းစံဘဝ ၁၇
၆။ အပယ်ခံတောင်အာဖရိက ၁၉
၇။ စေ့စပ်ဆွေးနွေးပြီ ၂၀


mgyoe.com

mgyoe.com

## အခန်း ၃


၁။ ကမ္ဘာကျော်မန်ဒယ်လား ၂၃

၂။ ထောင်ကလွတ်ပြီ ၂၄

၃။ တောင်အာဖရိကသမ္မတဖြစ်လာခြင်း ၂၆

၄။ မန်ဒယ်လား၏နိုင်ငံရေး အတွေးအမြင် ၂၈

၅။ မန်ဒယ်လားနှင့် ဒီမိုကရေစီ ၃၀


## အခန်း ၄


၁။ မန်ဒယ်လား၏ပုဂ္ဂိုလ်ရေးဘဝ ၃၃

၂။ အနားယူပြီ ၃၆

၃။ ကမ္ဘာ့ထိပ်သီးခေါင်းဆောင်များအဖွဲ့ ၄၀

၄။ ရော်ဘင်ကျွန်း ၄၂

၅။ အဝေးသင်ပညာရေး ၄၃

၆။ ဖရက်ဒရစ်ဝီလမ်ဒီကလာ့ခ်


## အခန်း ၅


၁။ မန်ဒယ်လား၏နောက်ဆုံးနေ့ရက်များ ၄၇

၂။ ဆေးရုံတက်ရခြင်း ၄၉


၃။ တိုင်းပြည်ဖခင် ၅၂

၄။ မန်ဒယ်လားအတွက် ဆုတံဆိပ်များ ၅၃




mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# အခန်း ၁
## ကလေးများစွာထဲက ကလေးတစ်ယောက်

ရိုလစ်လာလာမန်ဒယ်လားကို တောင်အာဖရိကနိုင်ငံ ထရန်စကေး မြို့ရှိ ဗီယက်ဇိုရွာတွင် မွေးသည်။ မန်ဒယ်လား၏မွေးသက္ကရာဇ်မှာ ၁၉၁၈ ခုနှစ် ဇူလိုင် ၁၈ ရက်ဖြစ်သည်။ သူ၏နာမည်မှာ ပြဿနာ ဖန်တီးသူဟု အဓိပ္ပာယ်ရသည်။ မန်ဒယ်လား၏ဖခင် ဟန်ဒရီမှာ သမ်ဘီတော်ဝင်မိသားစု၏ အကြံပေးဖြစ်သည်။ ဟန်ဒရီသည် မယား ပြိုင်ယူသော ဓလေ့ထွန်းကားသည့် တောင်အာဖရိကတွင် မယား ၄ ဦး ရှိသူဖြစ်သည်။ ထို့ကြောင့် မန်ဒယ်လားသည် ဟန်ဒရီ၏သားသမီး ၁၃ ဦးတွင် တစ်ဦးအပါအဝင် ဖြစ်သည်။ မန်ဒယ်လားသည် ကလေးများ စွာထဲက ကလေးတစ်ဦးမျှသာ ဖြစ်သည်။ သားယောကျ်ားလေး ၄ ဦး တွင် မန်ဒယ်လားမှာ အငယ်ဆုံးသား ဖြစ်သည်။ မန်ဒယ်လားသည် မိသားစုထဲတွင် ကျောင်းနေရသည့် ပထမဦးဆုံးကလေး ဖြစ်သည်။ မန်ဒယ်လား၏ အင်္ဂလိပ်နာမည်ဖြစ်သော နယ်ဆင်ကို ဆရာက ပေးခြင်း ဖြစ်သည်။ တောင်အာဖရိကတွင် ကျောင်းသားများကို အင်္ဂလိပ်နာမည် များပေးခြင်းမှာ ထိုစဉ်က ဓလေ့တစ်ခုဖြစ်သည်။ ကလေးဘဝတွင် မန်ဒယ်လား၏ရည်မှန်းချက်များမှာ ရိုးရိုးရှင်းရှင်းပင် ဖြစ်သည်။ ထမင်း

mgyoe.com

mgyoe.com


ကောင်းကောင်းစားရရေးနှင့် တုတ်သိုင်းချန်ပီယံဖြစ်ရေးဟူသော ရည်မှန်းချက်များသာ ရှိခဲ့သည်။

မန်ဒယ်လား အသက် ၁၂ နှစ်အရွယ်တွင် ဖခင်ကွယ်လွန်သွားသည်။ အားကိုးရာမဲ့မဖြစ်စေရန် မန်ဒယ်လားကို သမ်ဘီဘုရင်ခံမိသားစုထံတွင် အပ်နှံခဲ့လေသည်။ ထို့ကြောင့် သမ်ဘီဘုရင်၏ အုပ်ချုပ်ရေးနည်းနာများကို ကလေးအရွယ်တွင် ထိတွေ့ခွင့်ရခဲ့သည်။ မန်ဒယ်လားသည် ခေါင်းဆောင်မှုပညာကို သမ်ဘီဘုရင်ထံတွင် ဆည်းပူးခဲ့ရသည်။ သူသည် သမ်ဘီဘုရင်ခံ၏ ကောင်စီ အစည်းအဝေးများကို စောင့်ကြည့်ခဲ့သည်။ ရွာ၏ စီးပွားရေးလုပ်ငန်းများ စီမံခန့်ခွဲပုံကို လေ့လာခဲ့သည်။ ရွာရှိ အသက်ကြီးသူများက ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းနည်းကို သင်ပေးသည်။ ထို့ကြောင့် မန်ဒယ်လားသည် နောက်မျိုးဆက်တစ်ခုတွင် ဟီးရိုးတစ်ဦးဖြစ်လာရန် ရည်မှန်းထားခဲ့လေသည်။ တောင်အာဖရိကနိုင်ငံတွင် လူတန်းစားမညီမျှမှုများကို သူသည် မြင်လာသည်။ လူနည်းစုဖြစ်သော လူဖြူများက နိုင်ငံရေးအာဏာကို ရယူ၍ လူမည်းလူထု၏ အခြေခံအခွင့်အရေးများကို ငြင်းပယ်ထားသည့် တောင်အာဖရိက၏ အနေအထားကို သူသည် မြင်ရသည်။ ဟီးရောတောင်းကောလိပ်ကို တက်သည့်အခါတွင် မန်ဒယ်လားသည် လူဖြူလူမည်းခွဲခြားမှုကို ကိုယ်တွေ့ကြုံရလေတော့သည်။

## မကျေလည်မှုများ

ဟီးရောတောင်းကောလိပ်ကျောင်းတက်ချိန်တွင် မန်ဒယ်လားသည် အသက် ၁၉ နှစ်ရှိပြီ ဖြစ်သည်။ ကောလိပ်တက်ရင်း နိုင်ငံရေးကိုလည်း စိတ်ဝင်စားနေခဲ့သည်။ ဟီးရောတောင်းကောလိပ်တက်ရင်း မန်ဒယ်လားသည် အာဖရိကန် အမျိုးသားကွန်ဂရက်ရှိသည့်သတင်းကို ဦးစွာကြားရ

mgyoe.com

mgyoe.com


သည်။ အာဖရိကန်အမျိုးသားကွန်ဂရက် (ANC) သည် လူမည်း အာဖရိကသားများဘက်မှရပ်တည်ပေးသည်။ အာဖရိကန်လူမည်း တို့၏ မဲပေးခွင့်များ၊ မြေယာပိုင်ဆိုင်ခွင့်များကို အာဖရိကန် အမျိုးသား ကွန်ဂရက်က အကာအကွယ်ပေးခဲ့သည်။

ကောလိပ်ကျောင်းပြီးသွားပြီးနောက် မန်ဒယ်လားသည် ဖို့ဒ်ဟဲယား တက္ကသိုလ်ကို တက်ရောက်ခဲ့သည်။ ဖို့ဒ်ဟဲယားတက္ကသိုလ်တွင် ပညာ ဆည်းပူးနေရင်း ဒုတိယနှစ်၌ သူသည် ကျောင်းထုတ်ခံရသည်။ ကျောင်း ရှိစားသောက်ဆိုင်များတွင် ရောင်းချနေသော အစားအသောက်များနှင့် ပတ်သက်၍ အငြင်းပွားမှုများဖြစ်ပွားခဲ့ချိန်တွင် မန်ဒယ်လားသည် ကျောင်းသားများကောင်စီသို့ဝင်ရန် ဖိအားပေးခံရသည်။ ကျောင်းသား ကောင်စီသို့ဝင်ရန် ငြင်းဆန်ခဲ့သဖြင့် မန်ဒယ်လားသည် ကျောင်းထုတ်ခံ ရခြင်း ဖြစ်သည်။

တက္ကသိုလ်ကျောင်းမှ ပြန်လာသော မန်ဒယ်လားမှာ စိတ်အပျက် ကြီးပျက်လျက်ရှိသည်။ တက္ကသိုလ်ကျောင်းသားကို အထင်ကြီးသော မန်ဒယ်လားသည် အဖူးဖီးယန်းကက်ဇနီယန်နီ (Mqhekezweni) ရွာကို ရှက်ရှက်နှင့် ပြန်လာခဲ့လေသည်။ သူ၏အုပ်ထိန်းသူဖြစ်သော ဘုရင်ခံမှာ မန်ဒယ်လားကျောင်းထုတ်ခံရသည်ကို ကြားရသဖြင့် ဒေါသချောင်း ချောင်း ထွက်သည်။ မန်ဒယ်လားကို အိမ်ထောင်ရက်သားချပေးရန် စီစဉ်လေသည်။ မန်ဒယ်လားသည် ကိုယ်ယူမည့်ဇနီးကို ကိုယ့်ဘာသာ ရွေးချယ်ရန် ဆုံးဖြတ်ထားပြီးဖြစ်ရာ ဘုရင်ခံက ဇွတ်အတင်း မိန်းမပေးစား မည်ဆိုသောအခါ စိတ်ရှုပ်လာခဲ့ပြီးနောက် ဂျိုဟန်နက်စဘတ်ကို ထွက်ပြေးခဲ့လေသည်။

ဂျိုဟန်နက်စဘတ်ကိုလာသော ခရီးသည် မန်ဒယ်လားအတွက် စိတ်လှုပ်ရှားစရာကောင်းသည်။ ဖခင်ကိုင်ခဲ့သော သေနတ်ဟောင်းကို

mgyoe.com

mgyoe.com


ယူဆောင်လာသောကြောင့် ဒဏ်ငွေဆောင်ခဲ့ရသည်။ မန်ဒယ်လားသည် အလက်ဇန္ဒရာမြို့တွင် အခြေချခဲ့လေသည်။

သူသည် အာဖရိကန်အမျိုးသားကွန်ဂရက် (ANC) ကို စိတ်ဝင်စားသဖြင့် ၁၉၄၁ တွင် ANC အစည်းအဝေးများကို တက်ရောက်ခဲ့သည်။ ၁၉၄၄ တွင် ANC က အသစ်ဖွဲ့စည်းသော Youth league (လူငယ်ပေါင်းချုပ်အသင်း) ကို ကူညီစီမံခန့်ခွဲပေးခဲ့သဖြင့် မန်ဒယ်လားသည်



မန်ဒယ်လားနှင့်ဇနီး အက်ဗလင်မေ့စ်

mgyoe.com

mgyoe.com


နာမည်ထွက်လာခဲ့သည်။ အဆိုပါ လူငယ်အဖွဲ့ချုပ်မှာ အဓိကပါတီဖြစ်သော ANC ထက် ပိုမိုစေ့စပ်သေချာသောကြောင့် အစိုးရနှင့် ပိုမိုထိပ်တိုက်တွေ့သောနည်းကို အသုံးပြုကာ အစိုးရအား ပြင်းပြင်းထန်ထန် အတိုက်အခံလုပ်သည့်နည်းကို ငြင်းပယ်လာခဲ့သည်။ ထိုနှစ်မှာပင် မန်ဒယ်လားသည် အက်ဗလင်မေ့စ်ကို လက်ထပ်ခဲ့သည်။ အက်ဗလင်မေ့စ်သည် သူနာပြုတစ်ဦးဖြစ်ပြီး မန်ဒယ်လား၏မိတ်ဆွေ ဝေါလ်တာဆစ်ဆူလူနှင့်တစ်ဆင့် သိကျွမ်းခဲ့ခြင်းဖြစ်သည်။ မန်ဒယ်လားတို့ဇနီးမောင်နှံသည် သား ၂ ဦး၊ သမီး ၂ ဦး ထွန်းကားခဲ့သည့်အနက် ကလေးတစ်ဦးမှာ မွေးကင်းစအရွယ်တွင် သေဆုံးသွားခဲ့သည်။

## လူမျိုးရေးခွဲခြားမှုစတင်ပေါ်ပေါက်

အသက် ၂၉ နှစ်အရွယ်တွင် မန်ဒယ်လားသည် ANC ပါတီထဲတွင် နာမည်ကြီးနေပြီဖြစ်သည်။ နာမည်ကြီးလာသည်ဆိုသော်လည်း မန်ဒယ်လားသည် ANC ခေါင်းဆောင်စာရင်းတွင် ပါမလာသေးပေ။ သို့ရာတွင် သူသည် ထရန်စဗားပြည်နယ်ဆိုင်ရာ ANC ပါတီ၏အမှုဆောင်အဖြစ် ရွေးချယ်ခံရသည်။

၁၉၄၈ ခုနှစ်တွင် အစွန်းရောက် အမျိုးသားပါတီသည် အစိုးရအဖွဲ့အဖြစ် ရွေးကောက်ခံရသည်။ အစိုးရဖြစ်လာသော အမျိုးသားပါတီသည် လူမျိုးရေးအလိုက် ခွဲခြားဆက်ဆံသော နိုင်ငံရေးစနစ်ကို စတင်အကောင်အထည်ဖော်တော့သည်။ ထို့ကြောင့် လူမျိုးရေးခွဲခြားကျယ်ပြန့်လာခဲ့ကာ အခြားလူမျိုးရေးဆိုင်ရာဥပဒေများကို စတင်ပြဋ္ဌာန်းလာသည်။ တောင်အာဖရိကနိုင်ငံသည် လူမည်း တောင်အာဖရိကသားများအတွက် တင်းမာမှုဖြစ်ရာနေရာ၊ ပဋိပက္ခဖြစ်ရာ နိုင်ငံတစ်နိုင်ငံအဖြစ် မန်ဒယ်လားက မြင်လာသည်။ လူမည်းတောင်အာဖရိကသားများ၏ ရပိုင်ခွင့်များသည်

mgyoe.com

mgyoe.com




၁၉၃၇ ယော်ဘ၀ မန်ဒယ်လား

ချက်ချင်းတိုက်ခိုက်ခံလာရသည်။ လူမည်းတစ်ဦးချင်းစီသည် လူမျိုးဟူသော အမျိုးအစားဖြင့် ခွဲခြားခံရ သည်။ ၎င်းတို့ခွဲခြားခြင်းကြောင့် ဥပဒေအများစုမှာ လူမည်း တောင်အာဖရိကသားများကို တရားမဝင်သူများဖြစ်လာစေပါတော့သည်။

mgyoe.com

mgyoe.com



## မနာခံသောပြည်သူများနှင့် တောင်အာဖရိက


၁၉၅၀ တွင် မန်ဒယ်လားသည် အာဖရိကန်အမျိုးသားကွန်ဂရက်ပါတီ (ANC) တွင် အလုပ်အမှုဆောင်ကော်မတီဝင်ဖြစ်လာသည်။ ထို့အပြင် သူသည် လူငယ်အသင်း၏ဥက္ကဋ္ဌအဖြစ်ပါ ရွေးချယ်ခံရသည်။ ၁၉၅၂ တွင် မန်ဒယ်လားသည် ANC ပါတီ၏ဒုတိယဥက္ကဋ္ဌဖြစ်လာသည်။ ထိုစဉ်က ANC ပါတီမှာ မူဝါဒများကို သတိထားထုတ်ပြန်လေ့ရှိရာ ယခုအခါ ၎င်းမူဝါဒများ၏ နေရာတွင် အစိုးရ၏အမိန့်ကို မနာခံသောပြည်သူများ၏အရေးကိစ္စများက အစားထိုးဝင်ရောက်လာပါတော့သည်။ လူမျိုးရေးခွဲခြားဆက်ဆံမှုဥပဒေများကို ရာဇဝတ်တရားစီရင်ရေးစနစ်ထဲသို့တမင်သက်သက်ထည့်သွင်းခဲ့သည်။ မန်ဒယ်လားမှာ အစိုးရ



လူမျိုးရေးခွဲခြားမှု ဆန့်ကျင်ရေးဟောပြောနေသည့် မန်ဒယ်လားနှင့် ပြည်သူများ

mgyoe.com

mgyoe.com

နိုင်ငံတော်ပုန်ကန်မှုဖြင့် ဖမ်းဆီးခံရစဉ် တရားရုံးသို့ ရောက်ရှိလာသည့် မန်ဒယ်လား (ယာမှ တတိယ)

ကို အာခံရေးအစီအစဉ်တွင် ခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်လာခဲ့သည်။ ထို့ကြောင့် မန်ဒယ်လားမှာ တောင်အာဖရိကပြည်သူများ၏ ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုခြင်းခံလာရလေသည်။ အစိုးရကို အာခံသောလူထု၏ခေါင်းဆောင်ဖြစ်လာသော မန်ဒယ်လားမှာ တာဝန်ရှိသူများ၏ စောင့်ကြည့်ခြင်းခံရကာ နောက်ဆုံးတွင် ဖမ်းဆီးခံရလေသည်။ စွဲချက်အတင်ခံရသော မန်ဒယ်လားမှာ ပိတ်ပင်တားမြစ်ခံရသောပုဂ္ဂိုလ်ဖြစ်လာခဲ့၏။ အကျိုးဆက်မှာ သူသည် ဂျိုဟန်နက်စဘတ်မြို့ကနေထွက်သွားခွင့် မရှိတော့သကဲ့သို့ တောင်အာဖရိကနိုင်ငံရေးသမားများနှင့်လည်း တွေ့ခွင့်မရတော့ပေ။

mgyoe.com

mgyoe.com


# နိုင်ငံတော်ပုန်ကန်မှု

တောင်အာဖရိကအစိုးရဘက်ကကြည့်လျှင် အမြဲတမ်းဆူးငြောင့်တစ်ခုကဲ့သို့ဖြစ်နေသော မန်ဒယ်လားသည် ၁၉၅၆ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံတော်ပုန်ကန်မှုဖြင့် စွဲချက်တင်အဖမ်းခံရပါတော့သည်။ ANC ပါတီက လုပ်ဖော်ကိုင်ဖက်များဖြစ်သော ဝေါလ်တာဆစ်ဆူလူ၊ အိုလီဗာတမ်ဘိုတို့အပါအဝင် အခြားနိုင်ငံရေးခေါင်းဆောင် ၁၅၅ ဦးနှင့်အတူ မန်ဒယ်လားသည် အမှုရင်ဆိုင်ခဲ့ရသည်။ အဆိုပါ နိုင်ငံတော်ပုန်ကန်မှုကို ၅ နှစ်နီးပါးမျှ စစ်ဆေးခဲ့သည်။ မန်ဒယ်လားသည် ညပိုင်းတွင် ထောင်ထဲ၌ မကြာခဏနေထိုင်နေတတ်ပြီး၊ နေ့ဘက်တွင် သူ၏ဥပဒေလုပ်ငန်းတွင် အလုပ်လုပ်နေတတ်သည်။ သူနှင့် အက်ဗလင်တို့၏ အိမ်ထောင်ရေးမှာ တဖြည်းဖြည်းပြိုကွဲစပြုနေပြီ ဖြစ်သည်။ ရင်ဆိုင်နေရသော အမှုသည် ၁၉၆၁ ခုနှစ် မေလတွင် အဆုံးသတ်သွားခဲ့ပြီး သူအပါအဝင် အခြားသော တရားခံများသည် အမှုမှ ကွင်းလုံးကျွတ်လွတ်ခဲ့သည်။ တရားခံများအနေဖြင့် အကြမ်းဖက်သောနည်းလမ်းဖြင့် လက်ရှိအစိုးရပြုတ်ကျသွားအောင် ဆောင်ရွက်သည့် အထောက်အထားများကို ခိုင်လုံစွာ မတွေ့ရပါဟု တရားသူကြီးများက စီရင်ချက်ချခဲ့သောကြောင့် မန်ဒယ်လားအပါအဝင် အခြားနိုင်ငံရေးခေါင်းဆောင်များသည် အမှုကနေ လွတ်ခဲ့လေသည်။ နိုင်ငံတော်သစ္စာဖောက်မှုဟူသော စွဲချက်ဖြင့် တရားအစွဲခံရသော ANC ပါတီခေါင်းဆောင်များသည်လည်း ယခုမှပင် သက်မချနိုင်ခဲ့တော့သည်။

❒

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

# အခန်း ၂
## ဂန္ထဝင်မန်ဒယ်လား

၁၉၅၈ တွင် ဖြစ်သည်။ မန်ဒယ်လားနှင့် အက်ဗလင်တို့၏ အိမ်ထောင်ရေးမှာ ထိုနှစ်တွင် ပြီးဆုံးသွားသည်။ အိမ်ထောင်ကွဲခဲ့သည်။ ထို့ကြောင့် မန်ဒယ်လားသည် ၁၉၅၉ တွင် အိမ်ထောင်ထပ်ပြုခဲ့သည်။ နွမ်ဇာမိုဝင်နီမဒီကီဇယ်လားနှင့် အိမ်ထောင်ပြုခဲ့ခြင်း ဖြစ်သည်။ မဒီကီဇယ်လားသည် ထရန်စကီးဒေသ၏ ကျေးလက်အရပ်မှ ဖြစ်၍ လူမှုရေးလုပ်သားတစ်ဦးဖြစ်သည်။ သူတို့နှစ်ဦးသည် ဂျိုဟန်နက်စဘတ်ရှိ မန်ဒယ်လား၏ဥပဒေအကျိုးဆောင်လုပ်ငန်းတွင် ဆုံတွေ့ခဲ့ကြခြင်းဖြစ်သည်။ မဒီကီဇယ်လားသည် မန်ဒယ်လားအလုပ်လုပ်နေသော ဥပဒေလုပ်ငန်းကို မကြာခဏအလည်လာရင်း မန်ဒယ်လားနှင့် နီးစပ်သွားခဲ့ခြင်း ဖြစ်သည်။ မန်ဒယ်လားသည် မဒီကီဇယ်လားကို မြင်မြင်ချင်းပင် မိမိ၏ဇနီးအဖြစ် တွေးထင်မိခဲ့သည်ဟု ဆိုသည်။ မဒီကီဇယ်လားသည် ANC ပါတီတွင် တက်ကြွသောပါတီဝင်တစ်ဦး ဖြစ်လာခဲ့သည်။ မန်ဒယ်လားသည် မဒီကီဇယ်လားနှင့် သမီး ၂ ဦး ထွန်းကားခဲ့သည်။

mgyoe.com

mgyoe.com




မန်ဒယ်လားနှင့်ဝင်နီတို့လက်ထပ်ပွဲ (၁၉၅၉)

mgyoe.com

mgyoe.com

## အလှည့်အပြောင်း

ဂျိုဟန်နက်စဘတ်တောင်ဘက်ရှိ ရှာ့ဗဲလ်မြို့တွင် ရဲတို့က အသား အရောင်ခွဲခြားမှုကို ဆန့်ကျင်ဆန္ဒပြသူ ၆၉ ဦးကို သတ်ပစ်ခဲ့သောကြောင့် ၁၉၆၀ ပြည့်နှစ် မတ်လထဲတွင် ကမ္ဘာနှင့် အဝန်းစက်ဆုပ်ရွံရှာမှုဖြစ်လာ ခဲ့သည်။

ဆန္ဒပြသူများသည် သွားလာခွင့်ဥပဒေကို ဦးတည်၍ ကန့်ကွက် ခဲ့ကြခြင်း ဖြစ်သည်။ အဆိုပါ သွားလာခွင့်ဥပဒေ (Pass Laws) သည် လူမည်းအမျိုးသား၊ အမျိုးသမီးများဒေသတစ်ခုမှ အခြားဒေသတစ်ခုကို ထိန်းချုပ်ကန့်သတ်ထားသော ဥပဒေဖြစ်သည်။ လူမည်းအမျိုးသား၊ အမျိုးသမီးများသည် တစ်နေရာမှ တစ်နေရာကိုသွားလျှင် မှတ်ပုံတင် ပြမှသာ အဆင်ပြေသော ဥပဒေဖြစ်သည်။ အစိုးရက အရေးပေါ်အခြေ အနေကို ကြေညာခဲ့ပြီး အာဖရိကန်အမျိုးသားကွန်ဂရက် (ANC) ပါတီ ကို ပိတ်ပင်လိုက်သည်။ ဤသို့သော အနေအထားတွင် ပါတီတွင်း၌ အပြောင်းအလဲများလုပ်ရန် လိုအပ်နေပြီဆိုသော အချက်ကို မန်ဒယ်လား သည် သဘောပေါက်ခဲ့၏။ ANC အနေဖြင့် အစိုးရကို အကြမ်းမဖက် သောနည်းဖြင့် ဆန့်ကျင်သည့် နည်းအား စွန့်လွှတ်ပစ်ရန် ပြောဆိုခဲ့ လေသည်။ ထို့ကြောင့် သူသည် ANC ပါတီ၏ အကူလက်ရုံးတပ်ကို ဖွဲ့စည်းရန် အကူအညီပေးခဲ့သည်။ အဆိုပါ အကူလက်ရုံးတပ်သည် Spear of the Nation ဖြစ်လာခဲ့သည်။ အစိုးရအား လက်နက်ကိုင်တော် လှန်ရမည်ဟု မန်ဒယ်လားက ပြောဆိုခဲ့သည့်အတိုင်း ANC အနေဖြင့် အကူလက်ရုံးတပ်များကို ဖွဲ့စေခဲ့ခြင်း ဖြစ်သည်။

## မြေအောက်တော်လှန်ရေး

၁၉၆၁ တွင် မန်ဒယ်လားသည် မြေအောက်တော်လှန်ရေးကို

mgyoe.com

mgyoe.com




အနာဂတ်ခေါင်းဆောင်ဖြစ်မလာမီ ၁၉၆၂ အာဖရိကကွန်ဂရက်တွင်
မန်ဒယ်လား မိန့်ခွန်းပြောကြားနေစဉ်

စတင်ခဲ့သည်။ ထို့ကြောင့် မီဒီယာက သူ့ကို အနက်ရောင် တောပန်းရိုင်း (Black Pimpernel) ဟု ညွှန်းဆိုခဲ့ကြသည်။ အများပြည်သူရှေ့မှောက်သို့ ရဲရဲတင်းတင်း လူလုံးပြနိုင်ခဲ့ပြီး၊ ရဲများက သူ့ကို မဖမ်းနိုင်သောကြောင့် သူ့ကို "အနက်ရောင်တောပန်းရိုင်း" ဟု ဆိုကြခြင်းဖြစ်သည်။

mgyoe.com

mgyoe.com

၁၉၆၁ ခုနှစ်မှာပင် Spear of the Nation တပ်ဖွဲ့ဝင်များသည် ပထမ ဦးဆုံးတိုက်ခိုက်မှုများကို စတင်ဆောင်ရွက်တော့သည်။ ၁၉၆၁ ခုနှစ်မှ ၁၉၆၄ အထိ တိုက်ခိုက်မှုပေါင်း ၂၀၀ ကျော်ပြုလုပ်ခဲ့သည်။ လျှပ်စစ် ဓာတ်အားလိုင်းများ၊ မီးရထားလမ်းများ၊ အစိုးရအဆောက်အအုံများ စသည်တို့ကို ဖောက်ခွဲဖျက်ဆီးပစ်ခဲ့သည်။ အကြောင်းမဲ့ လူသတ်ပါဟူ သော မူဝါဒမျိုး မရှိခဲ့သော်လည်း အဆိုပါ တိုက်ခိုက်မှုများကြောင့် လူ့ အသက်ဆုံးရှုံးမှုများရှိခဲ့သည်။ ဤသို့တိုက်ခိုက်ရသည့် ရည်ရွယ်ချက် မှာ အစိုးရအနေဖြင့် အခိပ္ပာယ်ရှိသော လုပ်ရပ်များကို လုပ်လာစေရန် ဖြစ်သည်ဟု မန်ဒယ်လားနှင့်အခြားသော ခေါင်းဆောင်များက ယုံကြည် ထားသည်။

## နိုင်ငံခြားအကူအညီ

၁၉၆၂ ခုနှစ် ဇန်နဝါရီလတွင် မန်ဒယ်လားသည် နိုင်ငံခြားသို့သွား ရောက်ကာ လျှို့ဝှက်စစ်သင်တန်းတက်ခဲ့သည်။ လက်နက်ကိုင်တိုက် ခိုက်မှုများပြုလုပ်ရန် ရန်ပုံငွေရှာခဲ့သည်။ ထို့ကြောင့် သူသည် မော်ရိုကို၊ ဥရောပနှင့် လန်ဒန်တို့ကို သွားခဲ့လေသည်။ ၁၉၆၂ ဇူလိုင်လတွင် တောင် အာဖရိကကို ပြန်ရောက်လာသည့်အခါ မန်ဒယ်လားသည် နိုင်ငံမှ တရား မဝင်ထွက်ခွာသွားသည်ဆိုကာ ဖမ်းဆီး၊ ထောင်ချခံခဲ့ရသည်။ ထောင် ဒဏ် ၅ နှစ်ချမှတ်ခံခဲ့ရသည်။ ထောင်ကျနေချိန် ၁၉၆၃ တွင် ရဲတို့က ANC ပါတီ၏မြေအောက်တော်လှန်ရေးကို ဦးဆောင်ခဲ့သူအများစုကို ဖမ်းဆီးခဲ့သည်။ အစိုးရကို လက်နက်ကိုင် တော်လှန်ရန် အစီအစဉ်ရေး ဆွဲပေးကြသော ANC ခေါင်းဆောင်များ ဖမ်းဆီးခံရခြင်း ဖြစ်သည်။ "ရိုဗိုနီးယားအမှု" တွင် အဆိုပါခေါင်းဆောင်များနှင့် မန်ဒယ်လားတို့က မိမိတို့တွင် အပြစ်မရှိကြောင်း ထွက်ဆိုခဲ့ကြသည်။ သို့ရာတွင် ပြစ်မှု

mgyoe.com

mgyoe.com


ထင်ရှားသည်ဆိုကာ မန်ဒယ်လားသည် တစ်သက်တစ်ကျွန်း ပြစ်ဒဏ် ချမှတ်ခံရပြီး၊ ရော်ဘင်ကျွန်းကို ပို့ဆောင်ခြင်းခံခဲ့ရသည်။ ထိုစဉ်က သူ့မိန့်ခွန်းမှာ ၂၀ ရာစု၏ အကြီးကျယ်ဆုံးမိန့်ခွန်းအဖြစ် ထင်ရှားခဲ့လေသည်။ ရီဗိုနီးယားအမှုကို စစ်ဆေးနေစဉ် မန်ဒယ်လားက လူပုဂ္ဂိုလ်အားလုံးတူညီသော အခွင့်အရေးဖြင့် ဟန်ချက်ညီညီနေထိုင်သည့် ဒီမိုကရေစီဆန်ပြီး လွတ်လပ်သော လူ့အဖွဲ့အစည်းကို သဘောကျကြောင်း ပြောကြားခဲ့လေသည်။

## အကျဉ်းစံဘဝ

အဖျက်အမှောင့်အလုပ်များ လုပ်ဆောင်သည်ဟု စွဲချက်အထင်ခံခဲ့ရပြီးနောက် မန်ဒယ်လားအပါအဝင် အခြား ANC ခေါင်းဆောင်များ



အကျဉ်းသားဘဝဖြင့် ရော်ဘင်ကျွန်းတွင် ၂၇ နှစ်နေခဲ့ရစဉ်က မန်ဒယ်လား

mgyoe.com

mgyoe.com


ကို တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ဖြင့် ရော်ဘင်ကျွန်းကို ပို့ဆောင်လိုက်သည်။

မန်ဒယ်လား၏ ၂၇ နှစ်ကြာ အကျဉ်းစံဘဝတွင် အချိန်အများစုမှာ ရော်ဘင်ကျွန်းတွင် အသစ်ဖွဲ့စည်းခဲ့သော နိုင်ငံရေးအဖွဲ့၌ ကုန်ဆုံးခဲ့ခြင်းသာ ဖြစ်လေသည်။ မွေ့ရာဟူ၍ သတ်သတ်မှတ်မှတ်မရှိ၊ လက်ဆွဲပုံးတစ်ပုံးနှင့် အကျဉ်းခံငယ်များထဲတွင် အဆိုပါနိုင်ငံရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ကြခြင်း ဖြစ်သည်။

အကျဉ်းထောင်စနစ်မှာ အကျဉ်းသားများကို အရှက်တကွဲအကျိုးနည်းဖြစ်စေရန်၊ အကျဉ်းသားများတွင် အခွင့်အာဏာမဲ့နေပုံကို သတိပေးရန်ဖြစ်သည်ဟုဆိုသည်။ မန်ဒယ်လားမှာ မကြာခဏတစ်ကိုယ်တည်း တိုက်ပိတ်ခံရတတ်လေ့ရှိသည်။ ယင်းသို့ တိုက်ပိတ်ခံရခြင်းမှာ စွမ်းရည်သတ္တိကိုစမ်းသပ်ခြင်းဖြစ်သည်ဟု မန်ဒယ်လား ထင်သည်။ ဧည့်တွေ့ခွင့်၊ ပေးစာများ၊ စာအုပ်များကိုလည်း အကျဉ်းထောင်အာဏာပိုင်များက တင်းကျပ်စွာ ထိန်းချုပ်ထားသည်။ သူသည် အနီးအနားက ကျောက်ကျင်းတွင် မကြာခဏ ကျောက်ခွဲ၊ ကျောက်ထုလုပ်ခဲ့ရသည်။ အကျဉ်းထောင်တွင် အစားအသောက်ညံ့ဖျင်းခြင်း၊ နံနက်တိုင်း လေ့ကျင့်ခန်းလုပ်ခွင့်မရခြင်း၊ ချက်ထိုးခွင့်မရှိခြင်းစသော ဒေါသထွက်စရာကိစ္စရပ်များအား ကန့်ကွက်ဆန္ဒပြမှုကို မန်ဒယ်လားက ဦးဆောင်ခဲ့သဖြင့် ရော်ဘင်ကျွန်းတွင် အကျဉ်းကျခံနေရချိန် သူ့အတွက် ကြေကွဲစရာအကောင်းဆုံးဖြစ်ရပ်မှာ မိခင်နှင့် အကြီးဆုံးသားတို့ ကွယ်လွန်သွားခြင်းပင် ဖြစ်သည်။ မိခင်နှင့် သားကြီးကို သူသည် မမြင်လိုက်ရပေ။ ထို့အပြင် တောင်အာဖရိက အာဏာပိုင်များက ဇနီးသည် ဗင်နီကို ညှဉ်းပန်းနှိပ်စက်သည်ဆိုသော သတင်းမှာလည်း မန်ဒယ်လားအတွက် ကြေကွဲစရာကောင်းသော သတင်းဖြစ်လေသည်။

mgyoe.com

mgyoe.com





ဆိုဗီယက်ယူနီယံက အမှတ်တရထုတ်ဝေသည့် မန်ဒယ်လားတံဆိပ်ခေါင်း

## အပယ်ခံတောင်အာဖရိက

၁၉၆၄ တိုကျိုအိုလံပစ်ပြိုင်ပွဲတွင် တောင်အာဖရိက အားကစားသမားများပါဝင် ယှဉ်ပြိုင်ခွင့်ပိတ်ပင်ခံရသည်။ အသားအရောင်ခွဲခြားသော အစိုးရကြောင့် တောင်အာဖရိကသည် အိုလံပစ်ပြိုင်ပွဲမှ ပိတ်ပင်ခံရခြင်း ဖြစ်သည်။ လူမျိုးရေးဖိနှိပ်မှုများ၊ ANC ခေါင်းဆောင်များနှင့် အခြားသော နိုင်ငံရေးခေါင်းဆောင်များကို ဖမ်းဆီးထောင်ချခြင်းများကို

mgyoe.com


ဆယ်စုနှစ်များစွာ ပြုလုပ်ခဲ့သောကြောင့် တောင်အာဖရိကကို နိုင်ငံတကာ အသိုက်အဝန်းက ပယ်ချထားခဲ့လေသည်။

မန်ဒယ်လား အကျဉ်းကျခံနေရချိန်တွင် ဂီတပညာရှင်များ၊ နာမည်ကျော်ယဉ်ကျေးမှုခေါင်းဆောင်များက တောင်အာဖရိက အစိုးရကို သပိတ်မှောက်ခဲ့ကြသည်။ Dusty Spring field အဖွဲ့ကလည်း လူဖြူလူမည်းခွဲခြားထားသော ပရိသတ်များကို ဖျော်ဖြေမည်မဟုတ်ဟု ဆိုခဲ့သည်။ ၁၉၇၀ တွင် Stop the Tour အစီအစဉ်ကို စတင်ခဲ့သည်။ ၎င်းအစီအစဉ်အရ လူဖြူတောင်အာဖရိက ရက်ဘီနှင့် ခရစ်ကတ်ကစားသမားများကို ပွဲကစားခွင့်ပိတ်ပင်ခဲ့သည်။ တောင်အာဖရိကကို အိုလံပစ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်ပိတ်ပင်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်ကာလများတွင် တောင်အာဖရိကကို စီးပွားရေးပိတ်ဆို့မှုများပြုလုပ်ခဲ့ကြပြီး၊ တောင်အာဖရိကတွင် ရင်းနှီးမြှုပ်နှံမှု မပြုလုပ်ကြရန် တားမြစ်ပိတ်ပင်ခဲ့ကြသည်။ အသွေးအရောင်ခွဲခြားသောနိုင်ငံနှင့် ကုန်သွယ်ရေးပြုလုပ်ခြင်း မပြုရန် တားမြစ်ခဲ့ကြသည်။

## စေ့စပ်ဆွေးနွေးပြီ

နိုင်ငံတကာအသိုက်အဝန်း၏ ဖိအားပေးမှုများ ကြီးထွားလာချိန်တွင် တောင်အာဖရိကအစိုးရသည် မန်ဒယ်လားနှင့် စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်ရန်နည်းလမ်းရှာလာလေသည်။ ၁၉၇၀ ပြည့်နှစ်ကာလများတွင် မန်ဒယ်လား၏ အကျဉ်းထောင်ထဲက အခြေအနေများသည် အနည်းငယ်လျော့ပါးသက်သာလာခဲ့သည်။ နိုင်ငံရေးအရ စေ့စပ်ဆွေးနွေးရန်ဖြစ်နိုင်မည့်အလားအလာကို သူသည် စတင်စဉ်းစားခဲ့သည်။

မိမိအား ဖိနှိပ်ချုပ်ချယ်သူများကို ပိုမိုနားလည်ရန် မန်ဒယ်လားသည် အာဖရိကန်သမိုင်းကို လေ့လာခဲ့သည်။ အခြားသော ANC

mgyoe.com

mgyoe.com


အကျဉ်းသားများကိုလည်း အာဖရိကသမိုင်းကြောင်းအား လေ့လာရန် မန်ဒယ်လားက တိုက်တွန်းသည်။ ၁၉၇၆ တွင် သူသည် ကိုယ်ရေးအတ္ထုပ္ပတ္တိကို လျှို့ဝှက်စွာရေးသားတော့သည်။ နောက်ပိုင်းတွင် ထိုစာအုပ်ကို ထုတ်ဝေဖြန့်ချိခဲ့သည်။ မန်ဒယ်လား၏ ကိုယ်တိုင်ရေးပုံတူဖြစ်သော ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်မှာ လွတ်လပ်ရေးခရီးရှည် (The Long Walk to Freedom) ဆိုသော စာအုပ်ဖြစ်သည်။ သူသည် နာမည်ကျော်နိုင်ငံရေး အကျဉ်းသားဖြစ်လာခဲ့သည်ဆိုသော်လည်း အပြင်လူများမှာ သူသည် ဘယ်လိုဘယ်ပုံဖြစ်နေသလဲဆိုသည်ကို မသိသလောက်ပင်ဖြစ်သည်။ တောင်အာဖရိကနိုင်ငံတွင် မန်ဒယ်လားဓာတ်ပုံကို ပုံနှိပ်ထုတ်ဝေခြင်းသည် တရားမဝင်ပေ။ ၁၉၇၈ ဝန်းကျင်မှစ၍ မန်ဒယ်လားသည် အသားအရောင်ခွဲခြားရေးအတွက် တစ်ကမ္ဘာလုံးက ပြုလုပ်သော လှုံ့ဆော်မှုတွင် အရေးပါသော ရည်ညွှန်းကိုးကားစရာ ပုဂ္ဂိုလ်တစ်ဦးဖြစ်လာခဲ့လေသည်။

□

mgyoe.com